SMALL BUSINESS MAJORITY

# COVID-19 ကာလတွင်ငွေကြေးထောက်ပံ့မှုရရန်နည်းလမ်းရှာရာတွင် အမြတ်ကြီးစားငွေချေးလုပ်ငန်းများမှရှောင်ရှားရန်အကြံပေးခြင်း

ငွေကြေးအလုံးအရင်း ရရှိသည့် နေရာဌာနများကိုရှာဖွေရာတွင် ခေါင်းပုံဖြတ်အမြတ်ကြီးစားသည့် ငွေကြေးချေးငှားလုပ်ငန်းများ နှင့် ဘဏ္ဍာရေးသတ်မှတ်ချက်များကိုရှောင်ရှားကာ အဘယ်အရာကိုရှာရဖွေရ မည်ကိုသိရှိရန် အရေးကြီးပါသည်။ ယခုအချိန်တွင် အခက်အခဲနှင့် ရုံးကန်နေရသော အသေးစားလုပ်ငန်းများကို ငွေကြေးချေးငှားလိုသော အဖွဲ့ များစွာရှိပါသည်။ ထိုကဲ့သို့သောအဖွဲ့ငယ်အားလုံးသည် အစိုးရကအသိအမှတ် ပြုထားသောအဖွဲ့များ မဟုတ်ပါ။ အချို့သော မသမာသူများသည် ဤ အချိန်တွင် ငွေကြေးအခက်အခဲ ဖြစ်နေသော အသေးစားလုပ်ငန်းများကို သားကောင် ပစ်မှတ်ထားပြီး အခွင့်ကောင်းယူတတ်ကြသည်။ အချို့သောသူများသည် အသေးစားလုပ်ငန်းရှင်များကို အစိုးရ၏ကယ်ဆယ်ရေးအစီအစဉ်ရန်ပုံငွေရရှိရန် လျှောက်ထားပေးမည်ဟု အယုံသွင်း ဆွဲဆောင်ကြသည်။ ပုံမှန်တရားဝင်ချေးငွေလုပ်ငန်းများနှင့်မတူသော နောက်ထပ် ချေးငွေလုပ်ငန်းတစ်မျိုးမှာ အင်တာနက် အွန်လိုင်းမှတဆင့် ဈေးကွက်ရှာသော ချေးငွေဝန်ဆောင်မှုများ၊ ကိုယ်စားငွေချေဝန်ဆောင်မှု လုပ်ငန်းများ၊ ကြိုတင်ငွေထုတ်ပေးသောဝန်ဆောင်မှုနှင့် အခြားသောအချိန်တိုငွေကြေးဝန်ဆောင်မှုပုံစံ များပင်ဖြစ်သည်။ ဤကိစ္စမျိုးတွင် ချေးငွေဝန်ဆောင်မှုအကျိုးဆောင်များ၏ ပါဝင်မှု အခန်းကဏ္ဍ ကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။ ချေးငွေဝန်ဆောင်မှုအကျိုးဆောင်သည် ငွေထုတ်ချေးသူမဟုတ်ပါ။ သင့်လုပ်ငန်းအတွက် လိုအပ်သော ငွေလုံး ငွေရင်းရရှိရန် အတွက် ငွေထုတ်ချေးမည့်သူကို ရှာဖွေဆက်သွယ်ပေးသော ကြားခံတတိယလူဖြစ်ပါသည်။

COVID-19 ကြောင့် သင်၏အသေးစားလုပ်ငန်း ထိခိုက်လာသောအခါ ငွေကြေးအကူအညီ လိုအပ်ချိန်တွင် ခေါင်းပုံဖြတ် အမြတ်ကြီးစားသော ငွေချေးသူများနှင့် ထိုစံနစ်များကိုရှောင်လွှဲရန် ရရှိနိုင်သော အင်အားများနှင့် အကြံပြုချက်များကို အောက်တွင်ဖေါ်ပြထားပါသည်။

## U.S. Small Business Administration (SBA) မှတဆင့်ငွေလုံးငွေရင်းကို ရယူလိုလျှင်

- All Economic Injury Disaster Loans (EIDLs) ဘေးအန္တရယ်ကြောင့် စီးပွါးရေး ထိခိုက်မှုအတွက် ထောက်ပံ့ချေးငွေအား SBA မှတဆင့်သာဖြန့်ဖြူးထုတ်ပေးမည်ဖြစ်ပြီး ကျန်မည်သည့်အဖွဲ့အစည်းကိုမျှမှ ထုတ်ပေးခွင့်ပြုခြင်းမရှိပါ။
- ချေးငွေ သို့မဟုတ် ထောက်ပံ့ငွေနှင့်ပတ်သက်သော 7(a), PPP သို့မဟုတ် EIDL စသည်တို့ကို သင့်ထံသို့ ဆက်သွယ်ကမ်းလှမ်းမည်မဟုတ်။ အကယ်၍ တစ်စုံတစ်ဦးက SBA မှဆိုပြီး ဆက်သွယ် လာလျှင် ထိုသူသည် မသင်္ကာစရာ အတုအယောင်သာလျှင်ဖြစ်သည်။
- အကယ်၍ သင့်အား SBA ချေးငွေရရှိရန် ခွင့်ပြုချက်ရအောင်ဆောင်ရွက်ပေးမည်ဆိုပြီး ၄င်းကိစ္စအတွက် ကြိုတင်ငွေ သို့မဟုတ်၊ အချိန်တိုချေးငှားကာလအတွက် မြင့်မားသော အတိုးနှုန်း ဖြင့် ဆက်သွယ် ကမ်းလှမ်းလာလျှင် မသင်္ကာစရာ အတုအယောင်သာလျှင်ဖြစ်သည်။
- Payroll Protection Program နှင့်ပါတ်သက်သော ချေးငွေများကို 7(a) ခွင့်ပြုမိန့်ရပြီးသော ငွေထုတ်ချေးသူများမှတဆင့်သာ ခွင့်ပြုထားသည်။ PPP ချေးငွေရရှိရန် SBA အနေနှင့် အမိန့်ရ ငွေထုတ်ချေးသူဦးရေကို တိုးချဲ့ ခွင့်ပြုဆောင်ရွက်လျက်ရှိပါသည်။ အကယ်၍ ငွေထုတ်ချေးသူတို့၏ တရားဝင်မှုကို မယုံသင်္ကာမှုဖြစ်ပေါ်ပါက နီးစပ်ရာ ဒေသဆိုင်ရာ SBA ရုံးနှင့်ဆက်သွယ်စုံစမ်းပါ။

- PPP သို့မဟုတ်  EIDL ချေးငွေ လျှောက်ထားခြင်း၊ သို့မဟုတ် ပိတ်သိမ်းခြင်း ကိစ္စများဆောင်ရွက်ရာတွင် ဝန်ဆောင်ခတစ်စုံတစ်ရာမျှမရှိပါ။ အစိုးရက ငွေထုတ်ချေးသူတို့အား ထိုဝန်ဆောင်ခကိုပေးချေမည်ဖြစ်သည်။
- အကယ်၍ SBA ချေးငွေ လျှောက်ထားစဉ် ၄င်းကိစ္စ နှင့်ပတ်သက်သော ကိုယ်ရေးကိုယ်တာအချက်အလက် များကို တောင်းခံသော အီးမေးလ် ဆက်သွယ်မှုရရှိလာပါက လျှောက်လွှာရည်ညွှန်းချက်မှတ်ပုံတင်အမှတ် မှန် မမှန်ကို မိမိတွင်ရှိသော အမှန်တကယ် လျှောက်လွှာအမှတ်နှင့် တိုက်၍စစ်ဆေးပါ။

ထပ်ဆောင်းလိုအပ်သော အကြောင်းအရာများရှိပါက – https://www.sba.gov/document/report--sba-programs-scams-fraud-alerts

အကယ်၍သင့်မှာလုပ်ငန်းအသေးစားငွေကြေးနှင့်ပါတ်သက်သည့် အကြောင်းအရာရှိပါကအခြားအသေးစာလုပ်ငန်းလုပ်ငန်းအများစုကိုပါအသိပေးပါ။ ကျွန်ုပ်တို့ စစ်တမ်းကောက်သည့် https://ww.surveymonkey.com/r/5F2VKFG သို့သွားပါ။

## အခြားငွေလုံးငွေရင်း ရရှိနိုင်သည့် နေရာများကို ရှာဖွေသည့်အခါ

ငွေကြေးပံ့ပိုးမှုအတွက် မလျှောက်မီ၊ ငွေထုတ်ချေးသူ သို့မဟုတ် အကျိုးဆောင်များကို မေးသင့်မေးထိုက်သော မေးခွန်းများ မေးမြန်းရန် အရေးကြီးပါသည်။ ငွေချေးရန်အတွက် လမ်းညွှန်ချက် များကို အောက်တွင်ဖော်ပြ ထားပါသည်။ ထပ်ဆောင်းလိုအပ်သော အကြံပြုချက်များနှင့် ညွှန်ပြမှုများအား Venturize.org တွင်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ဆောင်ရွက်ရန်စာရင်း

❑ နှစ်စဉ်အတိုးနှုန်း (APR) မည်မျှရှိပါသလဲ။ အဖြေတိတိကျကျမရလျှင် မှတ်သားထားပါ။ မိမိ ချေးထားသောငွေအတွက် နှစ်စဉ်အတိုးနှုန်းကိုသိရှိထားခြင်းအားဖြင့် အခြားသော ရွေးခြယ်နိုင်သည့် အခွင့်အရေးများနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

❑ ဝန်ဆောင်ခ မည်မျှရှိသနည်း။ အတိုးနှုန်းပါ ထည့်သွင်းတွက်ချက်ထားပါသလား။ တစ်ကြိမ်လျှင် ငွေမည်မျှ ပေးသွင်းရပါမည်နည်း နှင့် အကြိမ်ရေမည်မျှပေးသွင်းရမည်နည်း။

❑ ချေးငှားကာလတလျှောက်လုံးအတွက် စုစုပေါင်း ငွေမည်မျှကျသင့်မည်နည်း။

❑ အကယ်၍ ငွေကြိုတင်ပေးသွင်းထားရလျှင် ပြန်ဆပ်သည့်အခါတွင် ချေးယူထားသော ပမာဏ အပြင် အခြား မည်သည့်အရာများကိုပြန်ဆပ်ရန်ရှိမည်နည်း။ အကယ်၍ ရှိခဲ့သော် ကြိုတင်ပေးသွင်းရ မည့်ငွေပမာဏ မည်မျှ ဖြစ်မည်နည်း။ သင်ချေးထားသောငွေကို စောစီးစွာပြန်ဆပ်နိုင်သော် လည်း အချို့ ငွေထုတ်ချေးသူတို့သည် ဝန်ဆောင်ခ ကောက်ခံတတ်ကြသည်။ ၎င်းသည် ကုန်ကျမှုစရိတ်တစ်ခုဖြစ်သော်လည်း ထိုသူတို့က ကြိုတင် ငွေသွင်းမှုအတွက် အထူးလျှော့ဈေး ဟု ပြောဆိုရှင်းပြလေ့ရှိတတ်သည်။

❑ အကယ်၍ နောင်တွင် ဒုတိယအကြိမ် ချေးငွေယူလျှင် ကျွန်ုပ်အား နှစ်ခါပြန် ကျသင့်ငွေ တောင်းခံမည်လား။ ဆိုလိုသည်မှာ ပထမအကြိမ်ချေးယူထားသော ငွေပမာဏ အတွက်ပါ ထည့်သွင်းတွက်ချက်မှာလား။

❑ အကယ်၍ ငွေပြန်ဆပ်ရန် သပ်မှတ်နောက်ဆုံးနေ့ရက်ထက် နောက်ကျမည်ဆိုပါက ငွေချေးခြင်း ကမ်းလှမ်းမှု အပေါ် သက်ရောက်မှုရှိနိုင်ပါသလား။ တစ်ဖက်သတ်ဆုံးဖြတ်ချက် ဖြင့် အချိန်ကာလ မြန်မြန်ဆန်ဆန် ပြန်ဆပ်စေရန်အတင်းဖိအားပေးမှု မဖြစ်စေရ။

❑ ကျွန်ုပ်၏ ချေးငွေပြန်လည်ပေးဆပ်သည့် အစီအစဉ်နှင့်အကြောင်းအရာများကို အဓိကကျသော ချေးငွေလုပ်ငန်း ဌာနများထံ အကြောင်းကြားမည်လား။ အပြုသဘော အပျက်သဘော နှစ်မျိုးစလုံးကို အကြောင်းကြားမည်လား။ အကယ်၍ ကျွန်ုပ်အနေနှင့် ပြန်လည်မပေးဆပ်နိုင် ခဲ့လျှင် ချေးငွေကို သင်မည်ကဲ့သို့ ပြန်လည်ကောက်ခံ မည်နည်း။

❑ အကျိုးဆောင်နှင့်အလုပ်လုပ်နေသော် ဤသို့မေးပါ။

❑ သင်တင်ပြနေသော ရွေးခြယ်စရာ တစ်ခုခြင်း၏ နှစ်စဉ်အတိုးနှုန်း မည်မျှရှိပါသလဲ။

❑ ကျွန်ုပ် သို့မဟုတ် ချေးငွေထုတ်ပေးသူထံမှ သင် အကျိုးဆောင်တစ်ဦးအနေနှင့် မည်မျှ အကျိုး ခံစားရမည်နည်း။ ကျွန်ုပ်ယူသော ချေးငွေအမျိုးအစားပေါ်မူတည်ပြီး သင်ငွေပိုရပါသလား။

❑ သင် နှင့် အလုပ်လုပ်သော ချေးငှားသူများသည် မည်သို့သောသူများဖြစ်ပြီး၊ မည်ကဲ့သို့ ချေးငွေစံနစ်ဖြင့် အဆုံးသတ်သွားသည့် အချုပ်ဇယားကို ကျွန်ုပ်အားပြပါ။ ပျမ်းမျှအတိုးနှုန်း မည်မျှဖြစ်သနည်း။ ဘဏ်ချေးငွေ၊ အလယ်အလတ်အချိန်ကာလ ချေးငွေ၊ ကြိုတင်ငွေ သို့မဟုတ် အချိန်တို ချေးငွေ၊ စသည့် ငွေချေး နည်းလမ်းများထဲမှ မည်သည့်နည်းလမ်းကို မည်မျှ ရွေးခြယ်ကြသလဲ။

**တာဝန်ကျေသော ချေးငွေယူ လုပ်ငန်းရှင်များဖြစ်စေရန် သင်ကိုယ်တိုင်ကလည်း အခြေခံဥပဒေပါ ငွေချေးသော အသေးစားလုပ်ငန်းရှင်များ၏ အခွင့်အရေးအချက်အလက်များ ကို လေ့လာထားပါရန် ကျွန်ုပ်တို့ အနေနှင့် တိုက်တွန်းလိုပါသည်။**

ဤအချက်အလက်များသည် ငွေကြေးနှင့်ပါတ်သက်၍ အခြေခံကျသော ရပိုင်ခွင့်များဖြစ်ပြီး အသေးစားလုပ်ငန်းများအတွက် များသောကိစ္စများတွင် အကာအကွယ်မရရှိသေးသော အရာများအတွက်ပါ ရပိုင်ခွင့်ရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ၄င်းတို့မှာ–

- ပွင့်လင်းမြင်သာမှုရှိသော နှုန်းထား နှင့် သတ်မှတ်ချက်များ ကို ရပိုင်ခွင့်
- ရိုင်းစိုင်းရင့်သီးမှုမရှိသော ဝန်ဆောင်မှုကို ရပိုင်ခွင့်
- တာဝန်ရှိသော အာမခံမှုကို ရပိုင်ခွင့်
- အကျိုးဆောင်များ၏ တရားမျှတသော ဆက်ဆံမှုကို ရပိုင်ခွင့်
- အလုံးစုံခြုံငုံမိသော အကြွေးယူခွင့်ကို ရပိုင်ခွင့်
- တရားမျှတသော အကြွေးပြန်လည်ကောက်ခံသည့်စံနစ်ကို ရပိုင်ခွင့် တို့ဖြစ်ပါသည်။

ပိုမိုသိလိုပါက၊ http://www.borrowersbilliofrights.org/bill-of-rights.html

NATIONAL CAPACD

This document was translated in partnership with the National Coalition for Asian Pacific Americans Community Development (www.nationalcapacd.org) with a grant from the Ewing Marion Kauffman Foundation.